ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-4-2009) (၆၀၁၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိ ဗုဒ္ဓဆင်းတုတော်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြစဉ်။

(ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်
တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်
- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်
- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်
- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ကြေးမုံ The Mirror
၂၂-၅-၂၀၀၉
(ဗုဒ္ဓဟူးနေ့)

စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်ရာ ရေအရင်းအမြစ်ဖြစ်တည်မှု အခြေအနေပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို တည်ဆောက်နေသည်။ ရဲရွာ၊ ကွန်ချောင်း၊ ဖြူးချောင်း၊ ခပေါင်း၊ ရဲနွယ်၊ ရွှေကျင်၊ ရွှေလီ၊ ကျိုင်းတောင်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၄ ရက်နေ့က ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းအပြီးသတ် တည်ဆောက်မှုလုပ်ငန်းများ၊ စက်တပ်ဆင်မှုများ ဂရုပြုဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည်။ မြစ်ငယ်မြစ်ကို အလျားပေ နှစ်ထောင်ကျော်၊ အမြင့်ပေ လေးရာကျော်ရှိ ကွန်ကရစ်တမံအမျိုးအစားဖြင့်ပိတ်၍ ရေသိုလှောင်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်သွားမည်ဖြစ်သည်။ စီမံကိန်းပြီး ပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ဖြန့်ဖြူး ပေးသွားနိုင်မည်ဖြစ်သည်။

ယခုအခါ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ပင်မကွန်ကရစ်တမံ၊ ရေလွှဲဥမင်လိုဏ်နှင့် ရေလွှဲဥမင်လိုဏ် အဝင်အထွက်လုပ်ငန်းများ ပြီးစီးနေပြီး ရေယူအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရေပိုလွှဲနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၇၉ရာခိုင်နှုန်းကျော် ပြီးစီးနေကြောင်း သိရသည်။

ထို့အပြင် ရဲရွာ ရေလှောင်တမံ၏ အထက်ပိုင်းတွင် အထက်ရဲရွာ ရေလှောင်တမံကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်သည်။ အထက်ရဲရွာ ရေလှောင်တမံကို အမြင့်ပေ ၂၀၀၊ အလျားပေ ၁၆၀၀ ရှိသည့် ကွန်ကရစ်တမံအမျိုးအစားဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်နိုင်စွမ်း ရှိမည်ဖြစ်သည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် အကြီးစားရေအားလျှပ်စစ် စီမံကိန်းကြီးတစ်ခုဖြစ်ရာ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြခြင်းဖြင့် လျှပ်စစ်ဓာတ်အားများ တိုးမြှင့်ထုတ်လုပ်ပေးလာနိုင်ပြီး စက်မှုကဏ္ဍ အပါအဝင် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယား အာရပ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၁

၂၀၀၉ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘာရှာအယ်လ်အာဆတ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုများချီးမြှင့်

နေပြည်တော် ဧပြီ ၂၁

၂၀၀၉ ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် နေပြည်တော် ဂေါက်ကွင်းတို့၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ)၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းများနှင့် ဂေါက်ကလပ်အသင်းများ ပါဝင်သော ပြိုင်ပွဲဝင်အသင်း ၁၈ သင်းတို့မှ အားကစားသမား ၁၀၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နေပြည်တော်တွင် (၁၈)ကျင်းစီရှိသော နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်း တို့ရှိရာ ပြိုင်ပွဲဝင်အသင်း (၁၈)သင်းတို့သည် အုပ်စု သုံးစုခွဲ၍ နေ့စဉ် အဆိုပါ ကွင်းသုံးကွင်းတို့၌ အလှည့်ကျယှဉ်ပြိုင်ခဲ့ကြသည်။

နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ဂေါက်ကွင်းအလိုက် ရိုက်ချက်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲဆုများ၊ ဂေါက်ကွင်း သုံးကွင်း သုံးရက်ပေါင်း ရိုက်ချက် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများပါဝင်သော ပြိုင်ပွဲဖြစ်သည်။

၂၀၀၉ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) နံနက်ပိုင်းတွင် မြို့တော် ဂေါက်ကွင်း၌ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွှန့်တို့က Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းများ ဖြစ်ကြသည့် အုပ်စု(က) လေတပ် ကလပ်အသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ တပမ (မကွေး)အသင်း၊ KM အသင်း၊ ပယက (ရှမ်း/တောင်)အသင်းနှင့် ပေါင်းလောင်းအသင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် လည်းကောင်း၊ အုပ်စု(ခ) တပ်မတော်(ကြည်း)အသင်း၊ စီးပွားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၉ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၂၀၀၉ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေးပါဝင်ကစားစဉ်။ (သတင်းစဉ်)

နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ ရေပြာ (Blue Water)အသင်း၊ Topaz အသင်းနှင့် တပက (စစ်ကိုင်း) အသင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည်လည်းကောင်း၊ အုပ်စု(ဂ) ရေတပ်ကလပ်အသင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ ရေပြာGolf Paradise အသင်း၊ ပယက(ကချင်)အသင်း၊ တပက(ရန်ကုန်) အသင်းနှင့် တပက (မန္တလေး)အသင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည်လည်းကောင်း ဧပြီ ၁၄ ရက်မှ ၁၆ရက်အထိ တစ်နေ့လျှင် ဂေါက်ကွင်းတစ်ကွင်းကျစီ အုပ်စုအလိုက် အလှည့်ကျလှည့်လည် ဂေါက်သီးရိုက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ယှဉ်ပြိုင်ခဲ့ကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ဧပြီ၁၄ရက်တွင်မြို့တော်ဂေါက်ကွင်း၌လည်းကောင်း၊ ဧပြီ ၁၅ရက်တွင် ရေပြာဂေါက်ကွင်း၌လည်းကောင်း၊ ဧပြီ ၁၆ရက်တွင် နေပြည်တော်ဂေါက်ကွင်း၌လည်းကောင်း တက်ရောက်အားပေး ပါဝင်ကစားခဲ့ကြသည်။

၂၀၀၉ခုနှစ်နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ရက် ညနေပိုင်းတွင် နေပြည်တော် ဂေါက်ကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများပြိုင်ပွဲဝင် အသင်း(၁၈)သင်းတို့မှဂေါက်သီး ရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကွင်းအလိုက်ကျင်းပခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် တစ်ဦးချင်း ဆုရရှိသူများနှင့် ဆုရရှိကြသော အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ကြရာ ဝန်ကြီး မြို့တော်ဝန်ဗိုလ်မှူးကြီး သိန်းညွှန့်က မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့် ပြိုင်ပွဲများတွင် အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် ပဌမဆုရရှိသော နယ်စပ်/

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဧပြီ ၁၆ရက် မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင် ငံ တော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင် နန် ကျွန်း ဘို အောင်း မြို့ ၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေ ပြည် တော် လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။

(သတင်းစဉ်)

⁂ စာမျက်နှာ ၂ မှ

စည်ပင်အသင်းမှ မြင့်သိန်း၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် စတုတ္ထဆုရရှိသော မကွေးတိုင်းအသင်းမှ ဇော်ဇင်ဝင်း၊ အသားတင်ရိုက်ချက် ၇၁ ချက်ဖြင့် တတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် ဒုတိယဆုရရှိသော ကေအမ်အသင်းမှ ကျော်သီဟ၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် ပထမဆုရရှိသော ပြည်ထဲရေးအသင်းမှ စိုးကျော်နိုင်၊ ပါအများဆုံးဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ ယဉ်အောင်လတ်၊ ဘာဒီအများဆုံးဆုရရှိသော ကေအမ်အသင်းမှ သိန်းဇော်မြင့်၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ မင်းသူရအောင်၊ အနီးဆုံးရိုက်ချက် ဆုရရှိသော ကချင်ပြည်နယ်အသင်းမှ ဇော်မော်၊ လိုင်းနှင့် အနီးဆုံးဆုရရှိသော တပ်မတော်(ကြည်း)အသင်းမှ နိုင်လင်းဦး၊ တစ်ချက်တည်းကျင်းဝင် ဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ ယဉ်အောင်လတ်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၇၉ ချက်ဖြင့် ဒုတိယဆုရရှိသော ကေအမ်ဂေါက်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၇၆ ချက်ဖြင့် ပထမဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ရေပြာဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့် အသင်းလိုက် ဆုရရှိကြသည့် အသားတင်ရိုက်ချက် ၇၀ ဖြင့် ပဥ္စမဆုရရှိသော ရေတပ်ကလပ်အသင်းမှ သန်းဇော်၊အသားတင်ရိုက်ချက် ၇၀ဖြင့် စတုတ္ထဆုရရှိသော ပြည်ထဲရေးအသင်းမှ စိုးကျော်နိုင်၊အသားတင်ရိုက်ချက် ၇၀ ဖြင့် တတိယဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ မြင့်သိန်း၊ အသားတင်ရိုက်ချက် ၆၈ချက်ဖြင့် ဒုတိယဆုရရှိသော နယ်စပ်/စည်ပင်အသင်းမှ နိုင်နိုင်လင်း၊ အသားတင်ရိုက်ချက် ၆၇ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာအသင်းမှ မောင်မောင်ဦး၊ ပါအများဆုံး ဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊ ဘာဒီအများဆုံးဆုရရှိသော သစ်တောရေးရာအသင်းမှ မောင်မောင်ဦး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ပြည်ထဲရေးအသင်းမှအုန်းမြင့်၊ အနီးဆုံးရိုက်ချက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ စိုးမိုးအောင်၊ လိုင်းနှင့် အနီးဆုံးဆုရရှိကြသော Topaz အသင်းမှ တင်ဦးနှင့် ကချင်ပြည်နယ်အသင်းမှ တူးအောင်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၆၅ ချက်ဖြင့် ဒုတိယဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၆၃ ချက်ဖြင့် ပထမဆု ရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေကနေပြည်တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သောပြိုင်ပွဲများတွင် တစ်ဦးချင်းနှင့်အသင်းလိုက်ဆုရရှိကြသည့်အသားတင်ရိုက်ချက် ၇၁ ချက်ဖြင့် ပဥ္စမဆုရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင်ရိုက်ချက် ၇၀ဖြင့် စတုတ္ထဆုရရှိသော ကေအမ်အသင်းမှ သိန်းဇော်မြင့်၊ အသားတင်ရိုက်ချက် ၇၀ဖြင့် တတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်၊ အသားတင်ရိုက်ချက် ၆၉ချက်ဖြင့် ဒုတိယဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ လှမျိုး၊ အသားတင်ရိုက်ချက် ၆၉ ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာအသင်းမှ မြင့်သောင်း၊ ပါအများဆုံးဆုရရှိသော သစ်တောရေးရာအသင်းမှသူရကျော်၊ ဘာဒီအများဆုံးဆုရရှိသော သစ်တောရေးရာအသင်းမှ မြင့်သောင်း၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ မင်းသူရအောင်၊ အနီးဆုံး ရိုက်ချက်ဆုရရှိသော စစ်ကိုင်းတိုင်းအသင်းမှ မင်းလွင်ဦး၊ လိုင်းနှင့်အနီးဆုံးဆု ရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းမှ ကျော်ကျော်လှိုင်၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၆၉ ချက်ဖြင့် ဒုတိယဆုရရှိသောရေတပ်ကလပ်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၃၆၅ ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထိုသို့ ကွင်းအလိုက် ဆုများပေးအပ်ချီးမြှင့်ပြီးနောက် ဂေါက်ကွင်းသုံးကွင်းသုံးရက်ပေါင်းရိုက်ချက် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သုံးရက်ပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် တစ်ဦးချင်း ဒုတိယဆုရရှိသော ရေတပ်ကလပ်အသင်းမှ မျိုးမင်းအောင်နှင့် အသင်းလိုက် စုစုပေါင်းရိုက်ချက် ၁၁၁၉ချက်ဖြင့် ဒုတိယဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သုံးရက်ပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် တစ်ဦးချင်း ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းမှ မြင့်သောင်းနှင့် အသင်းလိုက် စုစုပေါင်းရိုက်ချက် ၁၁၀၈ ချက်ဖြင့် ပထမဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နေပြည်တော်မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအသင်းဆုရရှိသော သစ်တောရေးရာဝန်ကြီးဌာနအသင်းအား နေပြည်တော်မဟာသကြ်န် Tour Gold Cup ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာဝမ်ကျုံးရင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၁

၂၀၀၉ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝါလစ်အယ်လ်မူအလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသား အမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၅။	**ကာတွန်းအစီအစဉ် - ပိုးကောင်ကလေးများရဲ့ အတွေး (အပိုင်း-၁၁)**
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကျွန်တော့်ချစ်သူ (အပိုင်း-၂၅)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှလုံးသားအလှသစ္စာတရား (အပိုင်း-၄၆)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့ရှိ နန်းဆန် ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ် လှည့်လည်ကြည့်ရှု

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၇ရက် နံနက်၇နာရီတွင် စန်းရမြို့ရှိ နန်းဆန် ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ်သို့ ရောက်ရှိကြရာ ဥယျာဉ်မန်နေဂျာ Mr. Tang နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းဆန် ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ်အတွင်း ယဉ်ကျေးမှု ကျောက်စာတိုင်များ ပြင်ဆင်ထားမှု၊ သစ်ပင်ပန်းမန်များကို စနစ်တကျ လှပစွာ အကွက်ကျ စိုက်ပျိုးထားမှု၊ စိမ်းလန်းစိုပြည်သာယာလှပရေး စီမံဆောင်ရွက်ထားမှု၊ ပြည်သူများ လာရောက်အပန်းဖြေရန် စီစဉ်ပေးထားမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဒက်ခွိဏတောင်အနီးရှိ ပင်လယ်ကမ်းစပ်၌ ၁၀၈မီတာ အမြင့်ရှိသော ကွမ်ရင်မယ်တော်ရုပ်တုပုံတော် တည်ထားမှုနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားမှုများကို တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမွှေးတိုင်များထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုသည့် Ritz Carlton Hotel သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့ နန်းဆန်ဗုဒ္ဓယဉ်ကျေးမှုဥယျာဉ် ဒက်ခွိဏတောင်အနီးရှိ ပင်လယ်ကမ်းစပ်တွင် ၁၀၈မီတာ အမြင့်ရှိသော ကွမ်ရင်မယ်တော်ရုပ်တုပုံတော် တည်ထားမှုနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားမှုများကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပမည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၆ ရက် မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆နာရီ ၁၀မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှ ဆင်းသက်လာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကုချောင်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်နှင့် မြန်မာအမျိုးသမီးငယ်တို့က နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းများကို ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တရပ်နားမည့် ကူမင်းလေဆိပ်ရှိ Best Business Passenger Terminal အဆောက်အအုံသို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Bai Enpei နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Bai Enpei က လေဆိပ်အတွင်းရှိ Best Business Center Terminal ရှိ Best Lounge ၌ ညစာဖြင့် တည်ခင်းဧည့်ခံရာ ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး မစ္စတာကုချောင်ရှိ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Bai Enpei တို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသ ကုန်သွယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင် လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ စန်းရမြို့သို့ တရုတ်လေကြောင်းဖြင့် ဆက်လက်ထွက်ခွာလာရာ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် စန်းရမြို့လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lin Fanglue၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်က နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် စန်းရမြို့ရှိ Ritz Carlton ဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ လေဆိပ်၌ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lin Fanglue ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံက ပံ့ပိုးကူညီခဲ့သည်များကို ကျေးဇူးတင်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်များကို တရုတ်နိုင်ငံမှထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton ဟိုတယ် Seven Seas Ballroom ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ဧပြီ ၁၇ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton ဟိုတယ် Seven Seas Ballroom ခန်းမသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တက်ရောက်

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာချန်ဒဲမင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဦးစီးဌာန(အာရှဌာန) ညွှန်ကြားရေးမှူးချုပ် မစ္စစ်ယန်းယန်ယိနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ကျင်းပ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က Seven Seas Ballroom ခန်းမမှ ကြိုဆိုနှုတ်ဆက်ပြီးနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။

ပွင့်လင်းစွာဆွေးနွေး

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပြောကြားရာ၌ ယခုနှစ်ကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြွရောက်လာခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် ငွေကြေးအကျပ်အတည်း ကြုံသည့်အချိန်တွင် ယခု အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြခြင်းဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းမှု၊ ယုံကြည်မှုတို့မှတစ်ဆင့် အကျိုးတူ ပူးပေါင်းမှုများကို ပိုမိုနက်ရှိုင်းကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပွင့်လင်းစွာ ဆွေးနွေးပေးရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် မျက်မှောက်တွေ့ကြုံနေရသည့် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အာရှဒေသအပေါ် မည်ကဲ့သို့ သက်ရောက်နိုင်မှုနှင့် အာရှဒေသအနေဖြင့် မည်ကဲ့သို့ တုံ့ပြန်ကြမည်ဆိုသည်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ကြမှာ ဖြစ်သည့်အတွက် လွန်စွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အကျိုးဖြစ်ထွန်းမှုများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများကို ဆွေးနွေးသည်။

အိမ်နီးချင်းကောင်း

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ လယ်ယာကဏ္ဍတွင် တရုတ်နိုင်ငံမှ နည်းပညာ အတွေ့အကြုံရှိသည့်အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ပါက အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း၊ **တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းဖြစ်၍ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရှိစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်များကို တရုတ်နိုင်ငံမှ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ အရေးသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်သဖြင့် အစိုးရနှင့် ပြည်သူတို့ကသာ ဖြေရှင်းဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်ကို အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် သိရှိပြီးဖြစ်၍ နိုင်ငံတကာမျက်နှာစာတွင် နားလည်မှုရှိစွာဖြင့် ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း** ပြန်လည် ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုတည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်းရမြို့ရှိ Sheraton ဟိုတယ် Seven Seas Ballroom ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောင်းမြို့ရှိ Boao International Conference Center အဆောက်အအုံရှိ Convention Hall ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုရာ Ritz Carlton ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ပြီး ဘိုအောင်းမြို့ရှိ Boao International Conference Center သို့ရောက်ရှိရာ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ယခင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr. Fidel V-Ramos နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Boao International Conference ဧည့်ခန်းတွင် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရာက်လာသော နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများ၊ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Convention Hall ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ ပါပူဝါနယူးဂီနီနိုင်ငံ ဝန်ကြီးချုပ် Mr. Michael Somare၊ အယ်ဘေးနီးယားနိုင်ငံဝန်ကြီးချုပ် Sali Berisha၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် S-Bayar၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် John Key၊ ကာဇက်စတန်နိုင်ငံ သမ္မတ Nursultan Abishevich Nazar Bayev၊ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ Asif Ali Zardari၊ အီရန်နိုင်ငံ ဒုတိယသမ္မတ Parviz Davoudi၊ အာရှဒေသဆိုင်ရာ ဘိုအောင်း ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ယခင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr. Fidel V-Ramos နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အာရှဒေသဆိုင်ရာ ဘိုအောင်းဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ယခင်ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ Mr. Fidel V-Ramos က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အာရှငွေကြေး ဂယက်လွန် စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

မိန့်ခွန်းပြောကြား

ဆက်လက်၍ ကာဇက်စတန်နိုင်ငံသမ္မတ Nursultan Abishevich Nazar Bayev၊ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ Asif Ali Zardari၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Nguyen Tan Dung၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် S- Bayar၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် John Key နှင့် အီရန်နိုင်ငံ ဒုတိယသမ္မတ Parviz Davoudi တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းရှင်၊ ပညာရှင်များဖြစ်ကြသည့် ဆော်ဒီအခြေခံစက်မှုလုပ်ငန်းကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mohamed H. AL. Mady နှင့် Fortescue Metals Group Limited အမှုဆောင်အရာရှိချုပ် Andrew Forrest တို့က မိန့်ခွန်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဟိုင်နန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ဝေ့လျိုချန်နှင့် ဟိုင်နန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ လော်ပေါင်မင်းတို့က ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများအား Banquet Hall ၌ တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Boao International Conference Center မှ အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုသည့် Ritz Carlton ဟိုတယ်သို့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား တက်ရောက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောင်းမြို့ Boao International Conference Center အဆောက်အုံရှိ Convention Hall ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ဘားအံမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၂၁

၁၃၇၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ မြို့နယ်နာရီစင်ရှေ့၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းသီဆို ကပြကြသည်။

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌ၊ ဇနီးနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်လာသူများနှင့် ယိမ်းအဖွဲ့များအား အတာရေဖြင့် ပက်ဖျန်းပေးပြီးနောက် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၄ ရက်တွင် မြို့တွင်းလှည့်လည်ကြည့်ရှုပြီး ညပိုင်းတွင် ရပ်ကွက်အလိုက် သင်္ကြန်သမီးပျိုလေးများ၏ တပင်တိုင်အက၊ ယိမ်းအကများဖြင့် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေ တင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၂ ဒသမ ၀၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၂ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော် နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၁၀၀ ဒီဂရီဖာရင်ဟိုက်)	၂၀-၄-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ်(၇၄ ဒီဂရီဖာရင်ဟိုက်)	၂၁-၄-၂၀၀၉
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း	၂၁-၄-၂၀၀၉
နေပူသည့်နာရီပေါင်း ၁၀ ဒသမ ၁ နာရီခန့်	၂၀-၄-၂၀၀၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများမှ လာရောက်တွေ့ဆုံ ဂါရဝပြု

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား Z.T.E ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျိုင်းတန်ဖုန်နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဧပြီ ၁၇ ရက်တွင် Ritz Carlton ဟိုတယ်ရှိ Golden Harvest Ballroom(1) ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကုမ္ပဏီများက လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

ရှေးဦးစွာ နံနက် ၁၁ နာရီတွင် Yunnan Yikun Hydropower Complex Co., Ltd. ဥက္ကဋ္ဌ ကွမ်းယိချွင်း၊ အတွင်းရေးမှူး လင်ကျွင်းနှင့် ညွှန်ကြားရေးမှူး စံယင်ဟွာတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။ ယင်းတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။

ထို့နောက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် China Gezhoub Group International Engineering Co., Ltd. ဒုတိယဥက္ကဋ္ဌ နင်းခိုင်၊လက်ထောက်ဥက္ကဋ္ဌ ယွမ်ပေါင်ယိနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး အကြံပေး ကွေ့ယိဟွာတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။

ယင်းနောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် China National Petroleum Corporation ဥက္ကဋ္ဌ ကျန်းကျာလင်၊ ဒုတိယဥက္ကဋ္ဌ လီကျိုလင်နှင့် ညွှန်ကြားရေးမှူး လျှိုကျွင်းဖန်းတို့ လာရောက်တွေ့ဆုံ ဂါရဝပြုကြရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်သည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် Z.T.E ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ကျိုင်းတန်ဖုန်၊ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ မစ္စတာ ကျုံးပင်နှင့် အကြံပေး မစ္စတာအန်းယုံကန်တို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် China Non Ferous Metal Mining Group Co., Ltd. ဥက္ကဋ္ဌ လျှိုထောင်၊ အင်ဂျင်နီယာ ဝမ်ရှောင်ဝေတို့က လာရောက်တွေ့ဆုံ ဂါရဝပြုကြသည်။

ယင်းသို့ လာရောက်တွေ့ဆုံဂါရဝပြုရာသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့သို့ ရောက်ရှိ Yinlu Group Co., Ltd. နှင့် Lenovo Mobile Communication လေ့လာ

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ ရက် ည ၈ နာရီတွင် စန်းရမြို့မှ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့သို့ တရုတ်လေကြောင်းဖြင့် ဆက်လက်ထွက်ခွာရာ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Lin Fanglue နှင့် တာဝန်ရှိသူများက စန်းရမြို့လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရှားမင်းမြို့သို့ ည ၁၀ နာရီတွင် ရောက်ရှိကြရာ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဟုန်ကျယ်ရှို၊ ရှားမင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းဆန်းကျို့၊ ဖူးကျင့်ပြည်နယ် အစိုးရရုံး ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာ လေ့ကျန့်၊ ဖူးကျင့်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာစုန်းခဲနင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်အမျိုးသမီးငယ်က ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် ရှားမင်းမြို့ရှိ Yeohwa ဟိုတယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် နံနက် ၉ နာရီတွင် ရှားမင်းမြို့ရှိ Yinlu Group Co., Ltd. ၏ စားသောက်ကုန်နှင့် အဖျော်ယမကာစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံဥက္ကဋ္ဌ မစ္စတာချိန်ရှင်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ မစ္စတာချိန်ရှင်းယွမ်တို့က ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက စက်ရုံတည်ဆောက်ထားမှု ပုံစံငယ်များဖြင့်လည်းကောင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ အိမ်ရာတည်ဆောက်ရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း စားသောက်ကုန်နှင့် အဖျော်ယမကာပစ္စည်းများ ထုတ်လုပ်နေပုံအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံဥက္ကဋ္ဌ မစ္စတာ ချိန်ရှင်းရွှေနှင့် တာဝန်ရှိသူများနှင့်အတူ စက်ရုံဧည့်ခန်းမရှေ့၌ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှားမင်းမြို့ရှိ Lenovo Mobile Communication Technology Ltd. ၏ မိုဘိုင်းတယ်လီဖုန်းစက်ရုံသို့ သွားရောက်ရာ ဒုတိယစက်ရုံမှူး မစ္စတာ ကျန်းဂေါ်ကြောင်းနှင့် စက်ရုံအထွေထွေမန်နေဂျာ မစ္စတာဝမ်ဝေ့ကျုံးတို့က ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စက်ရုံက ထုတ်လုပ်ထားသည့် မိုဘိုင်းတယ်လီဖုန်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မိုဘိုင်းတယ်လီဖုန်းအဆင့်ဆင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ စက်ရုံ၏ဧည့်ခန်းမရှေ့၌ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရှားမင်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ကျန်းဆန်းကျို့က ရှားမင်းမြို့ မာကိုပိုလိုဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဖူးကျင့်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ စုန်းခဲနင်၊ ရှားမင်းအစိုးရရုံး ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာလူဆန်းကျွင်းနှင့် ရှားမင်းမြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူး မစ္စချန်အိုကျင်းတို့ တက်ရောက်ကြသည်။

နေ့လယ်စာ စားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှားမင်းမြို့ ဒုတိယမြို့တော်ဝန်က ရှားမင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အားပေးဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရင်းနှီးခင်မင်စွာ ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့ Lenovo Mobile Communication Technology Ltd. တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ငှက်တွင်း)စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများသည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိသားစုများသည် သာသနာ့နွယ်ဝင် သီလရှင်များကိုယ်စား ဇယန်းကျောင်း သီလရှင်စာသင်တိုက်မှ သီလရှင်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ပညာစာရီ အမှူးပြုသော သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာနှင့် ရေစက်ချ တရားတော်တို့ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသန် စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋီတိုက်တော်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်ကြပြီး ကန်တော်ကြီး၌ အဘယဒါန၊ ဇီဝိတဒါနအဖြစ် ငါးများနှင့် ချိုး၊ ကြက်တူရွေး၊ ခို၊ စာကလေးတို့ကို လွှတ်၍ ကုသိုလ်ပြုကြသည်။

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ငါးများလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုများ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နံနက် ၁၀ နာရီခွဲတွင် ရွှေစာရံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြသည်။ ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရွှေစာရံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစာရံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အနောက်ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မဟာမုနိဗုဒ္ဓဆင်းတုတော်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် ရွှေစာရံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရွှေစာရံမဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရွှေစာရံစေတီပရိဝုဏ်အတွင်း၌ ရှေးမူမပျက်စေဘဲ ပြန်လည်မွမ်းမံ ထိန်းသိမ်းထားသည့် ရှေးဟောင်းစေတီဘုရားများ၏ ပြုပြင်မွမ်းမံထားရှိမှုအခြေအနေကို ကြည့်ရှုကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင် များသည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်၌ တည်ထားကိုးကွယ်သော စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စွယ်တော်မြတ်စေတီတော်(မန္တလေး) အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂန္ဓကုဋီတိုက်အတွင်း လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးအား စနစ်တကျ ပုံမှန်ထိန်းသိမ်းပြုပြင်ရေးနှင့် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်သာယာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်မှူးကြီးသည် ဘုရားကြီး အရှေ့ဘက်စောင်းတန်းအတွင်းသို့ ရောက်ရှိဖြတ်သန်းစဉ် နိဗ္ဗာန်ကုန်ရောင်းချသူများနှင့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုသည်။ လိုက်ပါလာသော အဖွဲ့ဝင်များကလည်း မဟာမုနိဘုရားကြီးအား ရွှေဆိုင်းသက်န်း ကပ်လှူပူဇော်ကြသည်။

မှတ်တမ်းတင် လက်မှတ်ရေးထိုး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်ကြီးသို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြသည်။ ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မြောက်ဘက် အာရုံခံတန်ဆောင်းရှိ ရတနာမုနိ ကိုးထပ်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် ဆွမ်းဦးပုညရှင်စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဆွမ်းဦးပုညရှင် စေတီတော်ကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်မှနေ၍ စစ်ကိုင်းတောင်ရိုး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းနှင့် စစ်ကိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ မြောက်ဘက်အာရုံခံတန်ဆောင်း၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော် ကိန်းဝပ်စံပယ်တော်မူသော ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးသို့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။ ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ပဉ္စလောဟာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ကုသိုလ်ဒါနပြု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့သည် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အဘယဒါန၊ ဇီဝိတဒါန၊ အာယုဒါနအဖြစ် ခိုဖြူ၊ ခိုပြာ၊ ချိုးဖြူ၊ ဇီးကွက်၊ ကြက်တူရွေးနှင့် စာကလေးတို့ကိုလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ကြည်ညိုကြသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ မေတ္တာကန်၌ ဇီဝိတဒါနအဖြစ် ငါးများကိုလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မေတ္တာရေကန်အနီး၌ ကံ့ကော်ပင်၊ လုမ္ဗိနီအင်ကြင်းပင်တို့ကို အမှတ်တရ စိုက်ပျိုးကြပြီး ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီတွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ ရောက်ရှိကြပြီး တောင်ဘက်စောင်းတန်း အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိကြပြီး အရှေ့ဘက် အာရုံခံတန်ဆောင်းရှိ ကကုသန်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတောင်ရင်ပြင်တော်မှ မန္တလေးတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ မန္တလေးမြို့ သာယာလှပမှုရှုခင်းများကိုလည်းကောင်း ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းလမ်းညွှန်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရင်ပြင်တော်တွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး ရင်ပြင်တော်အား လှည့်လည်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စန္ဒာမုနိဘုရားသို့ ရောက်ရှိကြပြီး ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

❍ **နိုင်ငံပိုင်စက်ရုံမှ**

ပုဂ္ဂလိက ဘိလပ်မြေစက်ရုံ သုံးရုံ၏ အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မှာကြားလမ်းညွှန်ရာတွင် နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်လျက်ရှိသော ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ အရည်အသွေး အဆင့်အတန်းအရ အဆင့်မီကောင်းမွန်သည့် ပစ္စည်းများဖြစ်အောင်လည်း အမြဲအလေးထားကြိုးစားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် မိမိတို့စက်ရုံတိုင်းသည် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး မျှတကောင်းမွန်ပြီး ထိုက်သင့်သော အကျိုးအမြတ်ရရှိနေရန် အရေးကြီးကြောင်းဖြင့် မှာကြားလမ်းညွှန်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းခန်းမဆောင်အတွင်း၌ ခင်းကျင်းစီစဉ် ပြသထားသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ခဲဟောင်းများကို ပေါင်းစပ်အသုံးပြု၍ LED မီးလုံးများဖြင့် မီးထွန်းနိုင်အောင် ပြုလုပ်ထားသော ပလတ်စတစ်မီးအိမ်များကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘိလပ်မြေစက်ရုံသုံး ထုံးကျောက်များ၊ အဆင့်မြင့်မီးခံအုတ်များ၊ ဘိလပ်မြေစက်ရုံထုတ် ကုန်ချောဘိလပ်မြေများ၊ ဘိလပ်မြေအိတ်ခွံများ၊ မှန်စက်ရုံသုံး သဘာဝကုန်ကြမ်းများ၊ ကျောက်ဆည်စက်မှုနယ်မြေမှ ထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီး မရောက်ရှိမီ နံနက်ပိုင်းကလည်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်တို့သည် ဆင်မင်း ဘိလပ်မြေစက်ရုံစုသို့ရောက်ရှိကြရာ စက်ရုံမှူးကြီးက ဆင်မင်းဘိလပ်မြေ စက်ရုံနှစ်ရုံ၏ အကျယ်အဝန်းနှင့် တည်နေရာ၊ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်ရာ၌ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ဘိလပ်မြေ ထုတ်လုပ်သည့် ကုန်ထုတ်လုပ်မှု နည်းစဉ်များဖြစ်သော Dry Process နှင့် Wet Process တို့၏ ကွာဟချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ စက်ရုံအလိုက် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆင်မင်းဘိလပ်မြေစက်ရုံ (၁)၊ ဆင်မင်းဘိလပ်မြေစက်ရုံ(၂)နှင့် တော်ဝင် ပလတ်စတစ်ရက်ထည်စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဆည်ဘိလပ်မြေစက်ရုံ ရှင်းလင်းခန်းမဆောင်အတွင်း ခင်းကျင်း စီစဉ်ပြသထားသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ခဲဟောင်းများကို ပေါင်းစပ်အသုံးပြု၍ LED မီးလုံးများဖြင့် မီးထွန်းနိုင်အောင် ပြုလုပ်ထားသော ပလတ်စတစ်မီးအိမ်များကို ကြည့်ရှုစစ်ဆေး အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

(၁၃၇၀ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၁၀ ၆။ စိုက်ပါပျိုးပါမြန်မာ့မြေလွှာ ဝင်ငွေလည်းရဝမ်းလည်းဝ
- ၈း၂၀ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၅၀ ၉။ "သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ **"အသိစိတ်ကလေး အရင်းတည်၍" (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၅း၁၅ ၈။ ဂီတသံစဉ်အလှဆင်
- ၅း၂၀ ၉။ အကပြိုင်ပွဲ
- ၅း၃၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၅း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဆွေ့
- ၆း၅၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၁၅ ၁၆။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇း၃၀ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း-၁၅)**
- ၂၂။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ကျမ်း" (ကျော်ဟိန်း၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ- ကျော်ဇောလင်း)**
- ၂၃။ အစီအစဉ်ပြီး၏။

✧ **ကျောဖုံးမှ**

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာဝမ်ကျုံးရင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Zijin Mining Group Co., Ltd.မှ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား Zijin Mining Group Co., Ltd. ဥက္ကဋ္ဌ ချိန်ကျင်းဟဲသည် ဧပြီ ၁၉ရက် မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် Yeohwa ဟိုတယ် Xin Yue အဆောက်အအုံရှိ အခန်း(ဘီ)သို့ လာရောက်တွေ့ဆုံပြီး လုပ်ငန်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

ထိုသို့ လာရောက်တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

Zijin Mining Group Co., Ltd. ဘက်မှ ဥက္ကဋ္ဌ ချိန်ကျင်းဟဲ၊ ဒုတိယဥက္ကဋ္ဌ လန်ဖုရှင်းတို့တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရှို၊ ဖူးကျင့်ပြည်နယ် အစိုးရအဖွဲ့ရုံး ဒုတိယအထွေထွေအတွင်းရေးမှူး လော့ကျန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Zijin Mining Group Co., Ltd. ဒုတိယဥက္ကဋ္ဌ လန်ဖုရှင်းက ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် ကောင်းမွန်သော နည်းပညာများဖြင့် ဆောင်ရွက်နေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်မှု၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဖြေရှင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က Zijin Mining Group Co., Ltd. အနေဖြင့် လုပ်ငန်းအတွေ့အကြုံရှိပြီးသော ကုမ္ပဏီဖြစ်၍ မြန်မာနိုင်ငံ၌ လာရောက်လုပ်ကိုင်ရာတွင် အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ တွေ့ကြုံရသော လုပ်ငန်းအခက်အခဲများကိုလည်း ဝိုင်းဝန်း ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် Zijin Mining Group Co.,Ltd. မှ ဥက္ကဋ္ဌ ချိန်ကျင်းဟဲတို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ONE China Policy ကို အမြဲတမ်းထောက်ခံ

စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ တိုးမြှင့်ကြိုးပမ်းသွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဖူးကျင့်ပြည်နယ်အုပ်ချုပ်ရေးမှူးမစ္စတာဟွမ်ရှောက်ကျင်း

နေပြည်တော် ဧပြီ ၂၁

ဖူးကျင့်ပြည်နယ် ရှားမင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဧပြီ၁၉ရက် ညနေ၆နာရီတွင် Yeohwa ဟိုတယ် ပထမထပ်ရှိ Mandarin Grand Ballroom ၌ ဖူးကျင့်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက လာရောက် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အလားတူ ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းနှင့်အတူ ပြည်နယ်ပါတီအမြဲတမ်းကော်မတီဝင် ရှားမင်းမြို့ပါတီအတွင်းရေးမှူး မစ္စတာဟာလိဖုန်း၊ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရွှိ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာယဲ့တာပို၊ မြို့တော်ဝန် လျိုဆိုက်ကွေး၊ ဖူးကျင့်ပြည်နယ်အစိုးရရုံး ဒုတိယအထွေထွေအတွင်းရေးမှူး လျိုမြင်၊ ပြည်နယ်နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် စုန်းခဲနင်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းရှန်းကျယ်နှင့်တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်ကြသည်။

ရှေးဦးစွာ ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပဏာမပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားပြီးနောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံနေထိုင်ကြကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရေနံနှင့် သဘာဝပိုက်လိုင်းလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ သတ္တုလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပူးပေါင်း ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေသကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုရရှိလာမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One China Policy ကို အမြဲတမ်းထောက်ခံပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဝမ်းမြောက်

ယင်းနောက် ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာပြည်သူတို့လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေမှုကိုသိရှိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ ဖူးကျင့်ပြည်နယ်အနေဖြင့် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကို စိတ်ဝင်စားပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဖူးကျင့်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဖူးကျင့်ပြည်နယ် အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ရှောက်ကျင်း လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့မှ

နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ရှားမင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧပြီ၂၀ရက် နံနက် ၈နာရီတွင် ဖူးကျင့်ပြည်နယ် ရှားမင်းမြို့မှ ကူမင်းမြို့သို့ တရုတ်လေကြောင်းဖြင့် ပြန်လည်ထွက်ခွာရာ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရွှိနှင့် တာဝန်ရှိသူများက ရှားမင်းလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကူမင်းလေဆိပ်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ မြန်မာအမျိုးသမီးငယ်က ပန်းစည်းဖြင့် ကြိုဆိုပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကုချောင်ရှိနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူမင်းမြို့တွင် ခေတ္တရပ်နားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ ကူမင်းမြို့ ကောင်စစ်ဝန်ချုပ် ဦးမျိုးတင့်နှင့်ဇနီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကုချောင်ရှိနှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဖူးကျင့်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဟုန်ကျယ်ရွှိနှင့် တာဝန်ရှိသူများက ဖူးကျင့်ပြည်နယ် ရှားမင်းလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သုံးပန်လှလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးသွားသော ကွမ်းခြံကုန်းမြို့ သုံးပန်လှလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၄ ရက်တွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြောင်းသိရသည်။

(သတင်းစဉ်)

မအူပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဧပြီ ၂၁

တနင်္သာရီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၆နာရီတွင် မြိတ်မြို့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးရာ ယိမ်းအဖွဲ့များက ကပြ ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် တက်ရောက်လာကြသူများအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ယိမ်းအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် မအူပင်မြို့ ကျောက်ချောလမ်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၂၁

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မအူပင်မြို့ ခိုင်စန္ဒာလမ်း၊ ခိုင်သော်တာလမ်းနှင့် ခိုင်မေတ္တာလမ်း ကျောက်ချောလမ်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောက်ချောလမ်းများတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် မအူပင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် မအူပင်မြို့နယ် စစ်ချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်(၁၈)နှစ်အောက် ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အသက်(၁၈)နှစ်အောက်အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲကို မေ ၂၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ (၅၀၊ ၁၀၀၊ ၂၀၀)ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ (၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀)အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ စုစုပေါင်း ၂၈ ပွဲပါဝင်မည် ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများသည် ပွဲစဉ်အားလုံးယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်လိုသူများသည် မေ ၁၈ရက်ညနေ ၅နာရီ နောက်ဆုံးထား၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် (သောကြာနေ့မှအပ)အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးသန်းကြိုင်၊ ဦးရဲအောင်နှင့် ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်တို့တွင် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉ ၅၁၃၄၃၁၀နှင့် ၄၀၀၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊မောရသုတ်၊ဝဋ္ဋသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ "ကံကိုမပယ်မတွယ်နှင့်"တရားတော်(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၅ အံ့ဖွယ်ထင်ရှား ကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၂)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ Industrial Talk
၉း၁၀ Myanmar Video Rhythm
၉း၄၅ သီးနှံစိုက်ပျိုးအထွက်တိုး
"စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့"
၉း၁၀ Own Creative Fashion
၁၀း၀၅ ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာ အစင်စံပြကျေးရွာ
၁၀း၂၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
(Eternal Flowers Floral Services Gift Shop)
၁၀း၃၅ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၁၁း၁၅ Activities In The City
(မိုးယံဇွန်စာနယ်ဇင်းအပ်နှံပွဲနှင့် ကန်တော့ပွဲပေးအခမ်းအနား)
၁၁း၃၀ အားလပ်ရက်တစ်နေ့မှာ"စားချင်ဖွယ်ရာဂျင်ဆင်းဟော့ပေါ့အရသာ"
၁၁း၄၅ Shooting Location (ကီလီ ၆)
၁၂း၁၀ စားချင်စဖွယ် နည်းအသွယ်သွယ်
(ရသာဆန်းပြားပီဇာအစားအစာများ)(အပိုင်း-၁)
၁၂း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၀၀ "ကံကိုမပယ်မတွယ်နှင့်"တရားတော်(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၁း၄၅ ထင်ရှားဖူးမြော် ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၂း၁၀ ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၂း၃၅ ကုန်ထုတ်အစွမ်းနှင့်ပန်း
၂း၅၅ ကလေးတို့အတွက်လက်ဆောင်(ရောင်စုံဂျုံရုပ်ကလေးများ)
၃း၁၅ The Smiling of Angkor
၄း၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ(အရေပြားကျန်းမာရေး)
(ဒေါက်တာစိုးဝင်းဦးနှင့်တွေ့ဆုံခြင်း)
၄း၃၅ ထူးခြားဆန်းကြယ်သောတောအုပ်ကလေး
၅း၀၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
(Eternal Flowers Floral Services Gift Shop)
၅း၂၀ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
၅း၃၅ နွေ့မိုး၊ဆောင်း ဥတုသုံးမျိုး၏လက်တွဲအဖော်မွှန်
၅း၅၀ တံငါတံတား
၆း၁၅ Myanmar Video Rhythm
၆း၄၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၇း၀၅ Own Creative Fashion
၇း၂၀ Hotel Guide (Sedona Hotel)
၈း၀၀ MRTV-4 သတင်း
၈း၁၅ The Smiling of Angkor
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၂)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅ ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၂း၁၀ ပင်လယ်ဝကမ်းခြေ၊ ဘုရားတောင်ဘုရားနှင့် အေးငြိမ်းသာယာအစင်စံပြကျေးရွာ
၁၂း၃၅ Shooting Location (ကီလီ ၆)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်
VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၃) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Chelsea - Everton	Star Sports (Live)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၂၉) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Man U - Portsmouth	ESPN (Live)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေ ၄ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဘိုအောင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ် ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧

နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်သော ပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ အရည်အသွေးအဆင့်အတန်းအရ အဆင့်မီကောင်းမွန်သည့် ပစ္စည်းများဖြစ်အောင်လည်း အလေးထားကြိုးပမ်း စက်ရုံတိုင်း ကုန်ကျစရိတ်နှင့်ဝင်ငွေအချိုး မျှတကောင်းမွန်ပြီး ထိုက်သင့်သောအကျိုးအမြတ်ရရှိနေရန် အရေးကြီး

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ကျောက်ဆည်စက်မှု နယ်မြေသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကျောက်ဆည် ဘိလပ်မြေစက်ရုံ ရှင်းလင်းခန်းမဆောင်၌ အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကျောက်ဆည် စက်မှုနယ်မြေတွင် တည်ဆောက်ပြီး စက်ရုံများဖြစ်သည့် ဘိလပ်မြေ စက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ် စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံနှင့် ပလတ်စတစ် စက်ရုံတို့၏ နှစ်အလိုက် ကုန်ချောထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေ အနေ၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး အခြေအနေတို့ကို လည်း ကောင်း၊ တည်ဆောက်ဆဲ မှန်စက်ရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက် ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်ရုံများအလိုက် အရိပ် ရပင်၊ သီးပင်၊စားပင်များ စိုက်ပျိုးမှု အခြေအနေတို့ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် တောင်တော်ဒေသသို့ ပြောင်းရွှေ့ တည် ဆောက်လျက်ရှိသည့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိလပ်မြေစက်ရုံသုံး ထုံးကျောက်များ၊ အဆင့်မြင့်မီးခံအုတ်များ၊ ဘိလပ်မြေစက်ရုံထုတ် ကုန်ချောဘိလပ်မြေများ၊ ဘိလပ်မြေအိတ်ခွံများ၊ မှန်စက်ရုံသုံး သဘာဝကုန်ကြမ်းများ၊ ကျောက်ဆည်စက်မှုနယ်မြေမှထုတ်လုပ်သည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)